မတ်လ (၅) ရက် ၂၀၁၂ ခုနှစ်

## **စစ်မှန်သောငြိမ်းချမ်းရေးနှင့် ဖယ်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရန် ကမ္ဘာတစ်ဝှမ်းရှိကရင်အမျိုးသားများတောင်းဆို**

ကမ္ဘာတစ်ဝှမ်းရှိကရင်အမျိုးသားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက မြန်မာပြည်တစ်ဝှမ်း စစ်မှန်သောငြိမ်းချမ်းရေးနှင့်ဖယ်ဒရယ်ပြည်ထောင်စုမှတစ်ဆင့်အမျိုးသားပြန်လည်သင့်မြတ်ရေးအကောင်အထည်ဖေါ်ရန် အရေးပေါ်တောင်းဆိုချက်တစ်ခုကို ယနေ့ထုတ်ပြန်လိုက်သည်။ ထို့ပြင် ၎င်းတို့မှ နိုင်ငံတကာအသိုင်းအဝိုင်း၊ အထူး သဖြင့်ဥရောပသမဂ္ဂနှင့်အမေရိကန်နိုင်ငံတို့ကိုကရင်ပြည်သူများနှင့်မြန်မာလူထုတစ်ရပ်လုံးအတွက်ခိုင်မာသည့်နိုင်ငံရေးအပြောင်းအလဲတစ်စုံတစ်ရာဖြစ်ပေါ်မလာမချင်း မြန်မာအစိုးရအပေါ် ဆက်လက်ဖိအားပေးရန်တောင်းဆိုထားသည်။

ယနေ့တောင်းဆိုချက်များမှာကရင်အမျိုးသားစည်းလုံးညီညွတ်ရေးကော်မီတီမှကရင်ပြည်နယ်ကော်သူးလေတွင်စီစဉ်ကျင်းပခဲ့သော ဖေဖေါ်ဝါရီလ ၂၇ ရက်နေ့မှမတ်လ (၁) ရက်နေ့အထိ (၄) ရက်ကြာ နီးနှောဖလှယ်ပွဲ၏ရလဒ်များဖြစ်သည်။၎င်းနီးနှောဖလှယ်ပွဲကိုကရင်အမျိုးသားရပ်မိရပ်ဖခေါင်းဆောင်များနှင့်ဘာသာရေးခေါင်းဆောင်များ အပါအဝင် ပြည်တွင်းပြည်ပရှိအမျိုးသမီးအဖွဲ့ အစည်းများ၊ လူငယ်အဖွဲ့အစည်းများနှင့်အခြားသောကရင်အမျိုးသားအဖွဲ့အစည်းမှကိုယ်စားလှယ်များ စုစုပေါင်း (၁၆၇) ဦးတက်ရောက်ခဲ့ကြသည်။

“KNUကရင်အမျိုးသားအစည်းအရုံးရဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုကို ဝိုင်းဝန်းကြိုးဆိုကြဖို့ အားလုံးကတညီတညွတ်တည်းဆုံးဖြတ်ချက်ချခဲ့ကြပါတယ်၊မြန်မာအစိုးရကိုKNUနဲ့အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရာမှာစစ်မှန်တဲ့ရည်ရွယ်ချက်ထားရှိဖို့၊ ကရင်ပြည်နယ်ဒေသတွေမှာစစ်ဆင်ရေးလုပ်ဆောင်တာတွေကိုရပ်တန့်ဖို့၊ နိုင်ငံရေးဆွေးနွေးပွဲတွေစတင်ပြုလုပ်ဖို့နဲ့ ကရင်ပြည်သူတွေနဲ့ မြန်မာလူထုတစ်ရပ်လုံးအတွက်တိုင်းရင်းသားအခွင့်အရေးကိုအာမခံချက်ပေးဖို့ ကျွန်မတို့ တစ်စုတစည်းတည်း တောင်းဆိုပါတယ်” ဟု ကရင့်အမျိုးသမီးအစည်းအရုံး အမှုဆောင်အဖွဲ့ဝင်နှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သဘာပတိအဖွဲ့ဝင် နော်ကညောဖေါမှပြောသည်။

ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ထောင်ရန်KNUကရင်အမျိုးသားအစည်းအရုံးအနေဖြင့်အခြားသောတိုင်းရင်းသားလူမျိုးများ၊ တိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီ(UNFC) အပါအဝင် အခြားသောဒီမိုကရေစီမဟာမိတ်များနှင့်လက်တွဲလုပ်ဆောင်ခြင်းအပေါ်ထောက်ခံကြောင်းနီးနှောဖလှယ်ပွဲတက်ရောက်သူများကထုတ်ဖေါ်ပြောဆိုခဲ့သည်။

“မြန်မာပြည်အလယ်ပိုင်းဒေသတွေမှာနိုင်ငံရေးအပြောင်းအလဲအချို့ဖြစ်ပေါ်နေပြီဆိုတာကိုကျွန်မတို့အသိအမှတ်ပြုပါတယ်၊ဒါပေမယ့်ကရင်ပြည်နယ်အတွင်းလူ့အခွင့်အရေးအခြေအနေတွေကတိုးတက်မှုတစ်စုံတစ်ရာမရှိသေးပါဘူး၊ကရင်ပြည်သူတွေရဲ့အခွင့်အရေးနဲ့လုံခြုံရေးအတွက်လည်းအာမခံချက်မရှိသေးပါဘူး၊ကျွန်မတို့လူထုအသိုင်းအဝိုင်းတွေထဲမှာ ရေရှည်တည်တံ့တဲ့ငြိမ်းချမ်းရေး ရရှိဖို့နဲ့ နိုင်ငံအတွင်းမှာသိသာထင်ရှားတဲ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေရှိလာဖို့မဖြစ်မနေကိုင်တွယ်ဖြေရှင်းရမဲ့အရေးကြီးတဲ့ပြဿနာတွေကရှိနေပါတယ်”ဟုဥရောပကရင်ကွန်ယက်ဥက္ကဋ္ဌနှင့်Karen Community Association UK အကြံပေးနန့် ဇိုရာဖန်းမှပြောသည်။

“ပြည်ပအခြေစိုက်ကရင်တွေအနေနဲ့ KNUနဲ့မြန်မာအစိုးရကြား အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးတာတွေကိုအားပေးထောက်ပံ့ဖို့အတွက်တက်နိုင်တာမှန်သမျှလုပ်ဆောင်သွားဖို့သံန္နိဋ္ဌာန်ချထားပါတယ်၊ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့ ကရင်ပြည်သူတွေကစည်းစည်းလုံးလုံးနဲ့ ကြိုးစားလုပ်ဆောင်သွားဖို့ ဆုံးဖြတ်ထားသလိုနိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့လည်းမြန်မာအစိုးရကိုနိုင်ငံအတွင်းငြိမ်းချမ်းရေးနဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက်မှန်မှန်ကန်ကန်လုပ်ဆောင်သွားဖို့ဖိအားပေးခြင်းအားဖြင့်ကျွန်တော်တို့နဲ့အတူရပ်တည်သွားလိမ့်မယ်လို့မျှော်လင့်ပါတ

ယ်၊နိုင်ငံတကာအစိုးရတွေအနေနဲ့လည်းလုပ်ငန်းဖြစ်စဉ်တွေကိုပွင့်လင်းမြင်သာမှုရှိအောင်လေ့လာစောင့်ကြည့်သူတွေအဖြစ် ခိုင်မာတဲ့အခန်းကဏ္ဍကနေပြီး လုပ်ဆောင်သွားနိုင်ပါတယ်"ဟု ကရင်အမျိုးသား မိတ်သဟာရအဖွဲ့ – ကိုရီးယား ဒုဥက္ကဌစောကက်နက်မိုး ကပြောသည်။

အများစုမှာအကောင်အထည်ဖော်မှုအဆင့်တွင်ရှိနေပြီဖြစ်သောဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်ပတ်သက်၍လည်း ယင်းကရင်အမျိုးသားအဖွဲ့များက ၎င်းစီမံကိန်းများသည်ဒေသခံပြည်သူလူထု၏ ပါဝင်ဆုံးဖြတ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် အနာဂါတ်မျိုးဆက်များ၏အကျိုးစီးပွားကိုဦးတည်ရမည်ဟု အလေးပေး ပြောကြားထားသည်။ မြန်မာအစိုးရ၏ စီးပွားရေးမူဝါဒများသည် အခြေခံလူထုနှင့်ဒေသခံပြည်သူလူထုတို့၏ ရေရှည်အကျိုးစီးပွားအပေါ် အခြေခံရမည်။

ဆက်သွယ်ရန် နန့်ဇိုရာဖန်း – (+၆၆) ၈၁၁၀၀၂၈၅၇၊ (+၄၄) ၇၇၃၈၆၃၀၁၃၉

နော်ကညောဖေါ – (+၆၆) ၈၁၀၂၉၅၅၀၃

စောကက်နက်မိုး – (+၆၆) ၈၉၆၄၄၈၇၆၄၊ (+၈၂) ၁၀၈၇၁၄၇၀၁၉